သို့

ညွှန်ကြားရေးမှူးချုပ်
မီးသတ်ဦးစီးဌာန

ရက်စွဲ၊ နှစ်၊ လ၊ ရက်

အကြောင်းအရာ။ **အဆောက်အဦးမီးဘေးလုံခြုံး (Fire Safety) အတွက် စစ်ဆေးအကြံပြုချက်တောင်းခံခြင်း**

၁။ …………………တိုင်းဒေသကြီး/ပြည်နယ်၊………………မြို့နယ်၊……………ရပ်ကွက်၊………. လမ်း၊ အမှတ်( )တွင် အမြင့်ပေ( )ရှိ၊ ( )အခန်းတွဲ(Fire Safety)ထပ်တိုက်အထပ်မြင့် အဆောက်အဦ ဆောက်လုပ်မည်ဖြစ်ပါ၍ အဆောက်အဦ မီးဘေးလုံခြုံရေး (Fire Safety) အတွက် စစ်ဆေးအကြံပြုမှု ဆောင်ရွက်ပေးပါရန်နှင့် ထောက်ခံချက်ထုတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

၂။ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားသော်အဆောက်အဦနှင့် စပ်လျဥ်း၍ အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(က)အဆောက်အအုံအမည်(ရှိခဲ့လျှင်)နှင့် တည်နေရာ။………………………………………….

………………………………………………………………………………………

………………………………………………………………………………………

(ခ) အထပ်အရေအတွက်(ထပ်ခိုးအပါအဝင်)…………………………………………………….

(ဂ) အဆောက်အအုံအား အသုံးပြုမည့် အမျိုးအစား………………………………………….

(ဥပမာ–လူနေအိမ်၊ ဟိုတယ်၊ ရုံး၊ ဈေး၊ ရောနှောအသုံးပြုမှု အစရှိသဖြင့် စက်ရုံဖြစ်ပါက လုပ်ငန်းအမျိုးအစား ဥပမာ အထည်ချုပ်စက်ရုံ၊ ပလပ်စတစ်စက်ရုံ)

(ဃ) အဆောက်အအုံ၏ (Structural System )…………………………………………………

(REINFORCED CONCRETE/ STRRL STRUCTURE/ TIMBER/ BRICK NOCKING/……..)

(င) အဆောက်အအုံ၏ အကျယ်ဆုံး အထပ်ဧရိယာ၊…………………………………………

(စ) အဆောက်အအုံ၏ အပေါ်ဆုံးလူနေထပ်နှင့် မီးသတ်ယာဉ်ဝင်နိုင်သည့် လမ်းမှအမြင့်ပေ………

………………………………………………………………………………………

(ဆ) တပ်ဆင်မည့် မီးသတ်စနစ်များ………………………………………………………..

(မီးသတ်ဆေးဘူး၊ Hose Reel/ Sprinkler/ Wet Riser/ Dry Riser / Fire Alarm/ Detection System/ အခြား)

၃။ ယခုပူးတွဲတင်ပြသော အဆောက်အအုံကို မီးသတ်ဦးစီးဌာနမှ စစ်ဆေးခွင့်ပြုသော ပုံစံများအတိုင်း ဆောက်လုပ်ရန် တာဝန်ယူပါသည်။

တာဝန်ခံ REGISTERED ARCHITECT လက်မှတ် ।.........................................................

အမည် ।.........................................................

RA.No ।.........................................................

တာဝန်ခံ ENGINEER လက်မှတ် ।.........................................................

(FIRE FIGHTING SYSTEM) အမည် ।.........................................................

Y.C.D.D LISENCED ENGINEER လက်မှတ် ।.........................................................

အမည် ।.........................................................

လိုင်စင်နံပါတ်।.........................................................

အဆောက်အအုံပိုင်ရှင် လက်မှတ် ।.........................................................

အမည် ।.........................................................

နေရပ်လိပ်စာ ।.........................................................

.........................................................

.........................................................

ဆက်သွယ်ရန်ဖုန်းနံပါတ်।..................................................

မှတ်ချက်။ (၈)ထပ်နှင့်အထက် အဆောက်အဦများနှင့် ဧရိယာစတုန်းပေ (၂၀၀၀၀) အထက်ကျော်သော အများပြည်သူသုံး ( Public Utility Building ) အဆောက်အဦ၊ စက်ရုံ၊ အလုပ်ရုံဖြစ်ပါက တာဝန်ခံ အင်ဂျင်နီယာများမှ မိမိတာဝန်ယူထားသော အဆောက်အဦများသည် မီးဘေးလုံခြုံရေး လုပ်အပ်ချက် ပြည့်မီအောင် စီမံဆောင်ရွက်ထားရှိကြောင်း အပြည့်အဝ တာဝန်ခံရမည်။

## အဆောက်အဦ မီးဘေးလုံခြုံရေး (Fire Safety) အတွက် စစ်ဆေးအကြံပြုချက် တောင်းခံရာတွင် ပါဝင်ရမည့် အချက်များ

မီးသတ်ဦးစီးဌာန၏ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်တောင်းခံရာတွင် သတ်မှတ်လျှောက်လွှာပုံစံနှင့်အတူ ပူးတွဲပါရှိရမည့် အဆောက်အဦနှင့်ပတ်သက်သော ပုံစံမိတ္တူများ

(က) အဆောက်အဦတည်နေရာပြမြေပုံ(Lay ouy plan)/(Location Plan)

( ခ) အပေါ်စီးမြင်ကွင်းပုံ(Perpective View)

( ဂ) ရှေ့မြင်ကွင်းပုံ(Front elevationt)

(ဃ) နောက်မြင်ကွင်းပုံ(Back elevationt)

( င) ယာဘက်မြင်ကွင်းပုံ( Right Side elevationt)

( စ) ဝဲဘက်မြင်ကွင်းပုံ( Left Side elevationt)

(ဆ) အဆောက်အဦဖြတ်ပိုင်းပုံ( Cross sectionf )

( ဇ) ပင်မလှေကားနှင့်ဓါတ်လှေကားအနေအထားပြပုံ(Staircase & Lift details)

( ဈ) ပင်မတံခါးပေါက်နှင့်ပြူတင်းပေါက်များပုံစံနှင့်အတိုင်းအတာပြပုံ( Door&windows details)

(ည) အရေးပေါ်သုံးမီးသတ်လှေကားခွင်နှင့်အနေအထားပြသောပုံ( Fire escape detalis )

( ဋ) မီးဘေးလုံခြုံရေးစနစ်များတပ်ဆင်သည့်ပုံစံ(Schematic diagram for Fire Safety System)

( ဌ) ( Fooor PLan)အထပ်လိုက်

### အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးထောက်ခံချက်ပြုလုပ်လိုပါက ယူဆောင်လာရမည့်အထောက်အထား စာရွက်စာတမ်းများ

(၁) တည်ဆောက်မည့် အဆောက်အဦပုံစံများ (အထက်ဖော်ပြပါအတိုင်း)( Site Plan)အား A3 ဆိုဒ်ဖြင့်(၄)စုံ

(၂) တည်ဆောက်မည့် အဆောက်အဦပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူ(၄)ရွက်၊

(၃) ပိုင်ဆိုင်မှုအထောက်အထားအတွက် မြေဂရန်မိတ္တူ(၄)စုံ

**Steel Structure(၄)ထပ်+lift ပါဟိုတယ် အဆောက်အဦ ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးမှုနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ ယေဘုယျသဘောထားများ**

**အရေးပေါ်လွတ်မြောက်မှုဆိုင်ရာလုပ်ငန်းများ(Means of Egress)**

၁။ အဆောက်အဦ အပြင်လက်ပလမ်း (Access Way)သည် မီးသတ်ကားများဝင်နိုင်သည် (၁၈)ပေကျယ်သည့်လမ်းဖြစ်ရန်၊ ၎င်းလမ်းတစ်လျှောက်နှင့် အဆောက်အဦအကြား မြေကျန်အနည်းဆုံး(၆)ပေ ရှိရန်၊ ၎င်းလမ်းတစ်လျှောက် အမြင့်(၁၅)ပေ အတွင်းမည်သည့် အတားအဆီးမှုမရှိရန်နှင့် မီးသတ်ကားများဝင်နိုင်သည့် လမ်းအရှည်သည် (၁၅၀)ပေ ကျော်ပါက မီးသတ်ကားများ ပြန်ကွေ့နိုင်ရန်လုံလောက်စွာ ကျယ်သောနေရာရှိရမည်။ မီးသတ်ကားများရပ်သည့်နေရာ လမ်းခံနိုင်ရည်သည် တန်(၄၀)ခံနိုင်ရမည်။

၂။ အဆောက်အဦ၏ ထွက်ပေါက်လှေကား(Exit Stairs) များအား အတည်ပြုထားသော Drawing တွင် တင်ပြထားသည့်အတိုင်း ဆောက်လုပ်ရန်။

၃။ အဆောက်အဦရှိ လှေကားများတွင် လှေကားထစ်တစ်ထစ်စီ၏ အမြင့်(Riser) နှင့် လှေကားထစ်တိုင်း၏ အကျယ် (Tread) သည် အတည်ပြုထားသော Drawing တွင် တင်ပြထားသည့်အတိုင်းဆောက်လုပ်ရန်။

၄။ လှေကားခွင်များတွင် လေဝင်/လေထွက်ကောင်းမွန်စေရန် သဘာဝလေဝင်/လေထွက်စနစ် အသုံးပြုပါက လှေကားခွင်ကြမ်းခင်းဧရိယာ၏ အနည်းဆုံး(၁၅%)အား လေဝင်/လေထွက်ပေါက် ပြုလုပ်ထားရှိရန် (သို့မဟုတ်) Mechanical Ventilation System တပ်ဆင်ရန်။

၅။ လှေကားခွင်သို့ဝင်ရောက်သည့် တံခါးများအား အနည်းဆုံး(3½)ပေကျယ်၊ (6½)ပေ အမြင့်ရှိရန်၊ အလိုအလျောက်ပိတ်စေသောကိရိယာ Self Closing Divice တပ်ဆင်ထားရန် နှင့် မီးလောင်မှုဒဏ်(၁)နာရီခံနိုင်သောတံခါး (Min; 1hr Fire Rated Door) တပ်ဆင်ရန်။

၆။ အရေးပေါ်အခြေအနေဖြစ်ပွားပါက အဆောက်အဦတွင် တပ်ဆင်ထားသော ဓါတ်လှေခါးအား အတည်ပြုထားသော Drawing တွင် တင်ပြထားသည့်အတိုင်း မီးသတ်သမားသုံး ဓါတ်လှေကား Fireman Lift အဖြစ် အသုံးပြုနိုင်ရေး စီမံဆောင်ရွက် ထားရန်။

၇။ မီးသတ်သမားသုံးဓါတ်လှေကား(Fireman lift)အတွက် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ဆက်လက်အသုံးပြုနိုင်မည့် Emergency Back Up Power System တပ်ဆင်ထားရှိရန်။

၈။ လျှပ်စစ်မီးဖြတ်တောက်ချိန်တွင် ဓါတ်လှေကားများသည် နီးစပ်ရာအထပ်သို့ရောက်ရှိပြီး အလိုအလျောက်တံခါးဖွင့်ကိရိယာ (Emergency Rescue Devices-ERD) တပ်ဆင်ထားရှိရန်။

၉။ ဓါတ်လှေကားဘေးကင်းလုံခြုံမှုအတွက် စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးထောက်ခံချက်လက်မှတ် ရရှိပြီးဖြစ်ရမည်။

၁၀။ အရေးပေါ်လွတ်မြောက်မှုဆိုင်ရာလုပ်ငန်းများ(Means of Egress)အတွက် အောက်ပါစနစ်များ တပ်ဆင်ထားရှိရမည်-

(က) အရေးပေါ်အသံနှင့်အမြင်ဆိုင်ရာအချက်ပေးစနစ် (Audio / Visual Advisory System)။ အဆောက်အဦတစ်ခုလုံးတွင် တပ်ဆင်ရမည်။

(ခ) ထွက်ပေါက်နှင့်လွတ်မြောက်ပေါက်လမ်းညွှန် သင်္ကေတဆိုင်းဘုတ်များ (Fire & Indication Sign)။ အဆောက်အဦရှိ မီးဘေးလွတ်မြောက်ရာ လမ်းကြောင်းများ၊ ထွက်ပေါက်များအနီးနှင့် လူသွားစင်္ကြန်များ တစ်လျှောက်တွင် တပ်ဆင်ရမည်။

(ဂ) အရေးပေါ်သုံးမီးထွန်းစနစ် (Emergency Lighting System With UPS back Up)။ အထူးသဖြင့် လူသွားစင်္ကြံများနှင့် အရေးပေါ်လှေကားများအတွင်း တပ်ဆင်ရမည်။

(ဃ) အရေးပေါ်သုံးလျှပ်စစ်ဓါတ်အားစနစ် (Emergency Generator)။ အဆောက်အဦတွင် တပ်ဆင်ထားရှိသော မီးဘေးလုံခြုံရေးစနစ်များအားလုံးနှင့် ချိန်ဆက်ထားရှိရမည်။

**မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများ(Fire Safety)**

၁၁။ မီးဘေးလုံခြုံရေးဆိုင်ရာလုပ်ငန်းများ ( Fire Safety) အတွက် အောက်ပါစနစ်များ တပ်ဆင်ထားရှိရမည်

(က) မီးလှန့်အချက်ပေးစနစ်များ( Fire Alarm System)။ အဆောက်အဦ၏ အထပ်တိုင်းတွင် အတည်ပြုထားသော (Drawing ) တွင် တင်ပြထားသည့်အတိုင်း တပ်ဆင်ထားရှိရမည်။

( ခ ) လက်ဖြင့်ကိုင်တွယ်အသုံးပြုနိုင်သော အပေ့ါစားမီးသတ်ပစ္စည်းကိရိယာများ (Portable Hand-Operated Approved Appliances)။ အဆောက်အဦ အထပ်တိုင်းတွင် အတည်ပြုထားသော Drawing တွင်တင်ပြထားသည့်အတိုင်း တပ်ဆင်ထားရှိရမည်။

( ဂ ) အမြင့်တင်မီးသတ်ရေပိုက်စနစ် (Riser)။ အဆောက်အဦ၏ မြေညီထပ်မှအပေါ်ဆုံးထပ် အထိရေမပါသော အမြင့်တင်ရေပိုက် (Dry Riser) ကိုအတည်ပြုထားသော Drawingတွင် တစ်ဆင့်ခံ၍ (Instantaneous Female Coupling) တပ်ဆင်ရန်၊ မြေညီထပ်တွင် (2 Way Breeching Male Inlet) တပ်ဆင်ထားရှိရန်နှင့် ယင်းအနီးတွင် (½ Inches, Dia;) အနီရောင် စာလုံးဖြင့် (Riser Main) ဟုရေးသားထားရှိရန်၊ (Dry Riser) တွင် (Air Release Valve)ပါရှိရန် နှင့် တပ်ဆင်ထားရှိမည့်နေရာများကို မီးသတ်ဦးစီးဌာနတွင် အကြံဉာဏ်ရယူဆောင်ရွက် ရန်။

(ဃ) မီးသတ်ရေပက်ပိုက်ခွေ (Fire Hose Reel)။ အတည်ပြုထားသော Drawing တွင် တင်ပြထားသည့်အတိုင်း အဆောက်အဦ အထပ်တိုင်းရှိ ထွက်ပေါက်များအနီးတွင် တပ်ဆင်ထားရှိရမည်။ Hose Reel (၁)ခုစီ၏ ရေစီးနှုန်း(0.4l/s) ရှိရမည်ဖြစ်ပြီး အနည်းဆုံးရေဖိအား 2.5bar ရရှိအောင် စီစဉ်ထားရှိရမည်။

( င ) မီးသတ်ပိုက်စနစ်များ။ မီးငြိမ်းသတ်ရေးစနစ်အားလုံးအတွက် တပ်ဆင်သွယ်တန်း အသုံးပြုသောပိုက်များကို Gray Cast Iron (သို့) Black Steel ပိုက်များ အသုံးပြုရန်ဖြစ်ပြီး ပိုက်ဆက်ကို (Instantaneous Coupling (British Standard) များတပ်ဆင် ဆောင်ရွက်ပေးရန်။

(စ) မီးထောက်လှမ်းရေးစနစ်များ(Fire Detection System)။ အဆောက်အဦ၏အထပ်တိုင်း တွင်သုံးပြုသော လုပ်ငန်းသဘောဝပေါ်တွင်မူတည်၍ မီးခိုး/အပူထောက်လှမ်းမှုကို ကိရိယာ (Smoke/Heat Detection System) များအား Drawing တွင်တင်ပြထားသည့် အတိုင်း တပ်ဆင်ထားရှိရမည်။

(ဆ) အဆောက်အဦတွင် ထည့်သွင်းတည်ဆောက်ထားသော Steel Structure အစိတ်အပိုင်း များအား အပူလျှောက်ကူးခြင်း (Heat Conduction) မှကာကွယ်ရန်အတွက် မီးဒဏ် ခံဆေးသက်တမ်း(Warrenty) ကုန်ဆုံးပါက ပြန်လည်သုတ်လိမ်းပေးရန်။

(ဈ) မီးဘေးလုံခြုံရေးထိန်းသိမ်းကွပ်ကဲသည့်အခန်း (Fire Rated Paint )သို့ (Fire Alarm Control Panel)။ အဆောက်အဦတွင် တပ်ဆင်ထားသော အရေးပေါ်လွတ်မြောက်မှုဆိုင်ရာစနစ်များ နှင့် မီးဘေးလုံခြုံရေးဆိုင်ရာစနစ်များ စုစည်းထိန်းသိမ်းကွပ်ကဲရန်အခန်း (သို့မဟုတ်) Panel Board အား အတည်ပြုထားသော Drawing ၌ တင်ပြထားသည့် သတ်မှတ်နေရာတွင် တပ်ဆင်ထားရှိရမည်။

(ည) မီးငြိမ်းသတ်ရန်ရေရရှိရေး (Water Supply for Fire Fighting)။ အနည်းဆုံးလိုအပ်ချက်ဖြစ်သည့် မီးငြိမ်းသတ်နိုင်သော ရေပမာဏဂါလန်ကို အတည်ပြုထားသော Drawing တွင် တင်ပြထားသည့်အတိုင်း သိုလှောင်စီမံထားရှိရန်။

အထွေထွေ

၁၂။ အရေးပေါ်လွတ်မြောက်မှုဆိုင်ရာလုပ်ငန်းများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ လုပ်ငန်းများတွက် Drawing အား ရေးဆွဲထားရှိပြီး တပ်ဆင်ရမည့်စနစ်များ၊ တပ်ဆင်ရမည့်နေရာ သတ်မှတ်ချက်များနှင့် စံချိန်စံညွှန်းများကို မီးသတ်ဦးစီးဌာန၏ အတည်ပြုချက်ရယူရမည်။

၁၃။ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပြုခြင်းဆိုင်ရာ ဝန်ဆောင်ခများကို အဆောက်အဦ၏ အထပ်အားလုံးရှိ ဧရိယာစတုရန်းမီတာပေါင်းအတွက် တစ်စတုရန်းမီတာလျှင် မြို့တွင်း(၂၀၀)ကျပ်နှင့် မြို့ပြင်(၁၀၀)ကျပ်နှုန်းပေးဆောင်ရန်။

၁၄။ တည်ဆောက်ဆဲကာလလုပ်ငန်းခွင်အတွင်း မီးဘေးလုံခြုံရေးအစီအမံများဆောင်ရွက်ထားရှိရန်နှင့် မီးသတ်ဦးစီးဌာနမှ အခါအားလျော်စွာ စစ်ဆေးအကြံပြုချက်များကို လိုက်နာဆောင်ရွက်ရန်။

၁၅။ မီးသတ်ဦးစီးဌာနသို့ တင်ပြထားသည့် ဟိုတယ် အဆောက်အဦအဖြစ်သာအသုံးပြုရန်နှင့် အတည်ပြုထားသည့် Drawing အတိုင်းလိုက်နာဆောင်ရွက်ပါရန်၊ အခြားအဆောက်အဦအဖြစ်ပြောင်းလဲအသုံးပြုလိုပါက မီးသတ်ဦးစီးဌာနသို့ ပြန်လည်တင်ပြ၍ ခွင့်ပြုချက် တောင်းခံသွားရန်။

## (၃)ထပ်မှ(၈)ထပ်အထိ အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံမှုနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ ယေဘုယျသဘောထားများ

၁။ ကွန်ကရစ်လှေကားခွင်အကျယ် (Interior Distance) အနည်းဆုံး(၇)ပေဖြစ်ရန်၊ Main Column(၂)ခု၏ အလယ်(Centre to Centre ) အကွာအဝေး(၇)ပေမဖြစ်ရန်။ အသားတင်အကျယ် (Clear)(၇)ပေဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ လှေကား(Fight)တစ်စင်း၏ အကျယ် (Waist)သည်(3½)ပေရှိရမည်။ ခိုင်ခံ့တောင်းတင်း သောလက်ရန်း (Hand Rail) တစ်ခု အနည်းဆုံးတပ်ဆင်ထားရှိရန်။

၂။ ကွန်ကရစ်လှေကားတစ်လျှောက်တွင် လှေကားထစ်တစ်ထစ်စီ၏အမြင့် (Rise)သည် (၇)လက်မထက်မပို စေရန်နှင့် လှေကားထစ်တစ်ထစ်စီ၏အကျယ် (Tread) ကို(၁၀)လက်မနှင့်အထက်ရှိအောင် ဆောက်လုပ်ရန်။

၃။ လှေကားခွင်တစ်လျှောက် လေဝင်လေထွက် ကောင်းမွန်စေရေးနှင့် Smoke Management အတွက်လှေကားခန်းအထပ်တိုင်း၏ အဆောက်အအုံမျက်နှာစာဖက် လှေကားခန်းနံရံ (Stair Wall) တွင် အနည်းဆုံး(9 SQ;ft) ဧရိယာရှိသော လေဝင်လေထွက်ပေါက် (ဥပမာ-ပြတင်းပေါက်၊ တရုတ်ကပ်၊ လျှောတံခါး.........စသည်ဖြင့်)ပြုလုပ်ထားရှိရန်။

၄။ ပင်မဝင်ထွက်တံခါး (Main Door) များကို အနည်းဆုံး(3½)ပေအကျယ်၊ (6½)ပေအမြင့်ရှိစေရန်နှင့် Self Closing Divece & Min;½hr; Fire Door များ ဖြစ်စေရန်။ လှေကားခန်း (Stair Way) အား Smoke Stop Lobby, Fire Fighting Lobby နှင့် Min; 1hr; Fire Rated Enclosre အဖြစ် စီမံထားရှိရန်။

၅။ အရေးပေါ်သုံးမီးသတ်လှေကားကို ခေါက်ချိုးပုံ (Zig Zag )ဖြင့် ဆောက်လုပ်ပါက အောက်ပါအချက်အလက်များနှင့် အညီလိုက်နာဆောင်ရွက်ရန်။

(က) ခေါက်ချိုးပုံ မီးသတ်လှေကား၏ Down Ward Angle သည် ၆၀ ဒီဂရီထက်မပိုစေရ၊

( ခ ) လှေကားခွင်သည် (၁၈)လက်မထက်မကျဉ်းစေရ၊

( ဂ ) လှေကားထစ်တစ်ထစ်စီ၏ အမြင့်(Riser) သည်(၁၀)လက်မထက်မပိုစေရ၊

(ဃ) လှေကားထစ် တစ်ထစ်၏ အကျယ်(Tread)သည်(၆)လက်မထက် မနည်းစေရ၊

( င ) ပထမထပ်လှေကားထစ်တွင် မြေညီထပ်သို့ ဆင်းနိုင်သော လှေကားအရှင်ပေးရန်၊

( စ ) လှေကားကို ခိုင်ခံ့စွာ ဆောက်လုပ်ထားရန်နှင့် လှေကားခွင်တွင် လမ်းရှင်းပေးရန်၊

(ဆ) လှေကားတစ်ခုနှင့်တစ်ခု ကူးပြောင်းသည့်နေရာ၊ ဆင်းတက်သည့်နေရာ(Landing Area) တွင် လည်းကောင်း၊လှေကားတိုင်းတွင်လည်းကောင်း ခိုင်ခံ့သော လက်ရန်းအကာများပါဝင်စေရန်၊

( ဇ ) ဆင်းတက်သည့်နေရာ (Landing Area)ကို (၂၉)လက်မထက် မကျော်စေရန်၊

မှတ်ချက်။ အထက်ပါစံချိန်စံညွှန်းများကို ကိုက်ညီစေရန်အတွက် ခေါက်ချိုးပုံ(Zig Zag) မီးသတ်လှေကား၏ အတွင်းခွင် (Interior Distance)သည် အနည်းဆုံး(၁၀×၄) ပေ အကျယ်ရှိရန် လိုအပ်ပါသည်။ တစ်ခုမှအခြားတစ်ဖက်သို့ လျှောက်ကူးသည့်လမ်းအား အနည်းဆုံး(၃)ပေမြင့် ရှိသည့် သံပန်းဖြင့်ကာရန်ထားရှိ လိုအပ်ပါသည်။

၆။ အရေးပေါ်သုံးမီးသတ်လှေကားကို ကြောင်လိမ်လှေကား( Spiral) ဖြင့်ဆောက်လုပ်ပါက အောက်ပါအချက်အလက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်-

(က) လှေကားခွင်သည် (၂၄)လက်မထက်မကျဉ်းစေရ၊

( ခ ) အထပ်အလွှာတိုင်းမှ အလွယ်တကူ ဝင်ထွက်နိုင်သော လှေကားမျိုးဖြစ်စေရေန်၊

( ဂ ) လှေကားထစ်တစ်ထစ်စီ၏ အမြင့်(Riser) သည် (၁၀)လက်မထက်မပိုစေရ၊

(ဃ) လှေကားထစ်တစ်ထစ်စီ၏အကျယ်(Tread)သည် (၃)လက်မမှ (၁၂)လက်အတွင်းဖြစ်စေရန်၊

( င ) လှေကား၏မဏ္ဍိုင်သံပိုက်လုံးသည် အနယ်းဆုံးအချင်း(၃)လက်မနှင့်အထူ (4mm) သို့မဟုတ် (၆) လက်မဖြစ်စေရန်၊

( စ ) လှေကားကို ခိုင်ခံ့စွာဆောက်လုပ်ထားရန်နှင့် လှေကားခွင်တွင်လမ်းရှင်းနေ စေရန်၊

(ဆ) လှေကားတိုင်းတွင် ခိုင်ခံ့သောလက်ရန်းအကာများပါဝင်စေရန်၊

( ဇ ) လှေကားလက်ရန်းတန်းအား ခိုင်ခံ့စေရန်အတွက် သံပိုက်လုံးအချင်းအနည်း(၁)လက်မ ဖြစ်စေရန် မှတ်ချက်။ အထက်ပါစံချိန်စံညွှန်းများ ကိုညီစေရေးအတွက် ကြောင်လိမ်လှေကား(Spiral)၏ အတွင်းခွင်(Interior Distance)သည် အနည်းဆုံး(၅)ပေ ပတ်လည်အကျယ်ရှိရန်လိုအပ်ပါသည်။

၇။ အရေးပေါ်ထွက်ပေါက် (Emergency Exit) သို့မဟုတ် လွတ်မြောက်ပေါက် (Escape Door) တိုင်းကို အနည်းဆုံး(2½)ပေကျယ်နှင့် (6½)ပေအမြင့်ရှိအောင်ဆောက်ရန် နှင့် (Self Closing Divice) တပ်ဆင်၍ အပြင်ဖွင့်စနစ် ပြုလုပ်ထားရှိရန်။

၈။ သံပန်းသံတံခါးများ ကာရန်ထားမည်ဆိုပါက အသေပိတ်တပ်ဆင်ခြင်းမပြုရန်။

၉။ မီးငြိမ်းသတ်ရေးအတွက် အနည်းဆုံးရေဂါလန်(၅၀၀၀)ဆံ့ မီးသတ်ရေကန်(၁)ခုပြုလုပ်ပြီး၊ အမြဲတမ်း ရေပြည့်နေအောင်သိုလှောင်ထားရှိရန်။

၁၀။ အနည်းဆုံး(၄)လက်မအရွယ်ရှိသော မီးလှန့်အချက်ပေးခေါင်းလောင်း( Fire Alarm Bell) ကွန်ကရစ် လှေကားခွင်တစ်လျှောက်မျက်နှာကြက်အနီးနံရံဘေးတွင် အထပ်(၂)ထပ်အကြား၌ (၁)ခုတပ်ဆင်၍ အချက်ပေး ခလုတ်များကို လှေကားခွင်ဘေးနံရံတစ်လျှောက်(၅)ပေအမြင့်တွင် တစ်ထပ်လျှင်တစ်ခုစီ တပ်ဆင်ကာ ခလုပ်တစ်ခုကိုနှိပ်၍ အချက်ပေးလျှင် ခေါင်းလောင်းအားလုံးအသံမြည်စေသောစနစ် (Zone Fire Alarm System) ဖြင့် ဆက်သွယ်တပ်ဆင်ထားရှိရန်။

၁၁။ Basement အပါအဝင် မြေညီထပ်မှပေါ်ဆုံးထပ်အထိ (30m Hose Reel )ကို (Cabinet) ဖြင့် တပ်ဆင်၍ (Roof Top) ရှိ (Over Head Tank) ဖြင့် ဆက်သွယ် တပ်ဆင်ထားရှိပြီး၊ အနည်းဆုံး (Pressure 2.5. Bar) ခန့်ရှိအောင်ဆောင်ရွက်ထားရှိရန်၊ အရေအတွက်နှင့်တပ်ဆင်ရမည့် နေရာများကို မီးသတ်ဦးစီးဌာနတွင် အကြံဉာဏ်ရယူဆောင်ရွက်ရန်။

၁၂။ Basement အပါအဝင် မြေညီထပ်မှ အပေါ်ဆုံးထပ်အထိ (၄)လက်မ GI ပိုက် သို့မဟုတ် တစ်နေရာထက် ပိုပါက(၆)လက်မ GI ပိုက်ဖြင့် မီးသတ်ပိုက်လိုင်း (Dry Riser) တပ်ဆင်ထားရန်၊ အထပ်တိုင်းတွင် (landing Valve) တစ်ဆင့်ခံ၍ (Instantaneous Female Coupling) တပ်ဆင်ရန်၊ မြေညီထပ်တွင် (2 or 4 Way Breeching Male Intel) တပ်ဆင်ထားရှိရန်နှင့် ယင်းအနီးတွင် (½ Inches, Dia;) အနီရောင်စာလုံးဖြင့် Rising Main ဟုရေးသားထားရှိရန်၊ (Dry Riser) တွင် (Air Release Valve)ပါရှိရန်နှင့် တပ်ဆင်ထားရှိမည့် နေရာများကို မီးသတ်ဦးစီးဌာနတွင် အကြံဉာဏ်ရယူဆောင်ရွက်ရန်။

၁၃။ တည်ဆောက်ပြီးအချိန်၌ မီးသတ်ဦးစီးဌာနမှ အသိအမှတ်ပြုထားသော မီးသတ်ဆေးဘူး (Fire Extinguisher) များကို သက်ဆိုင်ရာမီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်အတိုင်းထားရှိရန်။

၁၄။ အထပ်မြင့်အဆောက်အဦများ တည်ဆောက်ခြင်းမပြုမီ Architectural Drawing များကို ကြိုတင်တင်ပြပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဦးစီးဌာနတွင် အကြံဉာဏ်ရယူဆောင်ရွက်ရန်။

၁၅။ အထပ်မြင့်အဆောက်အဦများ မီးဘေးလုံခြုံရေးအတွက် စစ်ဆေးအကြံပြုခြင်းဆိုင်ရာ ဝန်ဆောင်ခများကို အဆောက်အဦ၏ အထပ်အားလုံးရှိ ဧရိယာစတုရန်းပေပေါင်း၏ (၁၀၀%)အတွက် တစ်စတုရန်းမီတာလျှင် (၂၀၀)ကျပ်နှုန်းဖြင့် ပေးဆောင်ရမည်။

၁၆။ တည်ဆောက်ဆဲကာလလုပ်ငန်းခွင် မီးဘေးလုံခြုံရေးဆောက်ရွက်ထားရှိရန်နှင့် မီးသတ်ဦးစီးဌာနမှ အခါအားလျော်စွာ စစ်ဆေးအကြံပြုချက်များကို လိုက်နာဆောင်ရွက်ရန်။

၁၇။ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက် (Specification)များနှင့် စပ်လျဉ်း၍ လိုအပ်သော အကြံဉာဏ်များကို မီးသတ်ဦးစီးဌာနနှင့် ညှိနှိုင်းရယူသွားရန်။

၁၈။ မီးသတ်ဦးစီးဌာန၏ အကြံပြုချက်များအားလုံးကို လိုက်နာဆောင်ရွက်ပြီးမှသာ နေထိုင်ခွင့်/အသုံးချခွင့် ဆိုင်ရာ(BCC) ထောက်ခံချက်ကို လျှောက်ထားတောင်းခံရန်။